သက်ထက်စိုးမိုး (MLM)

# အချစ်သစ်တစ်ဖန်မွေးဖွားခြင်း



# အခန်း - ၁

မျက်လုံးထဲ တိုးဝင်လာသော မြင်ကွင်းက စက်ဆုပ်ဖွယ်ပင်။ နားထဲ ကြားနေရသော စကားသံတွေ၊ မြင်နေရသည့် ပုံစံတွေက မိုးသားကြူး အတွက် နှလုံးသား တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားသည့်နှယ်။ သိပ်ချစ်ပါတယ် ဆိုသည့် မိန်းကလေးက အခုတော့ သူမဟုတ်သည့် ယောကျ်ားတစ်ယောက်နဲ့ ချစ်ပွဲဝင်နေသည့် video ကို မိုးသားကြူး ကြည့်မိလျက်သား ဖြစ်နေသည် ။ တကယ်ဆို ဒီလို သစ္စာမဖောက်သင့်ဘူး ဆိုတာ သူမသိဘူးလား။
မနက်ဖြန် ဆိုရင်ပဲ လက်ထပ်တော့မဲ့ မိန်းမတစ်ယောက်က သူမဟုတ်သော အခြားသူရင်ခွင်ထဲ ရောက်နေသည် ။

ဒါလား မိုးသားကြူးကို သိပ်ချစ်တဲ့ မိန်းမဆိုတာ။ တွေးရင်း တွေးရင်း ကြူး laptop ကို ပိတ်ကာ ကြမ်းပြင်ထက် ဒေါသတကြီး ပေါက်ခွဲလိုက်သည် ။ ဆံပင်တွေကို ထိုးဆွကာ စားပွဲပေါ်က ကားသော့ကို ယူပြီး အပေါ်ထပ်က ဆင်းလာခဲ့သည် ။ ကားကို တရကြမ်း မောင်းလာသည်က သိမ်မွေ့ခြင်း၏ ရှုတင်ရှိရာကိုပါ။

"ဟာ ... ကြူး ... ဘယ်လာ ... "

ဒါရိုက်တာရဲ့ နှုတ်ဆက်သံကိုပင် သူသတိမထားနိုင်။ ရိုက်ကွင်းပေါ် သူရောက်လာကာ သိမ်မွေ့ခြင်း လက်ကိုဆွဲကာ ရိုက်ကွင်းက ထွက်လာ

ခဲ့လိုက်သည် ။

"ကြူး ... မင်းသမီးကို ဘယ်ခေါ်သွားမလို့ လဲ ... ကြူး ... ကြူး"

ဒါရိုက်တာရော၊ ရှူတင်မန်နေဂျာပါ မေးသော်လည်း သူမကြားပါ။ သိမ်မွေ့ခြင်းကို သူကားပေါ်တင်ပြီး ကားမောင်း လာခဲ့သည် က မိုင်ကုန် တင်၍ ပါ။

"မောင် ... ဘယ်သွားမလို့ လဲ ... မောင်"

"သိမ်မွေ့ခြင်း ... မင်းကို မောင်ချစ်တယ် ... ဘယ်သူနဲ့ ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ မောင်လေ ... မင်းကိုချစ်တယ် ... မင်းကို အပြစ်မတင်ဘူး"

"မောင်သိပြီး သွားပြီလား ... အဟင်း ..."

"မရယ်နဲ့ ... သိမ်မွေ့ခြင်း ... ငါစကားအကုန် ပြောပြီးသွားပြီ ... ငါ မင်းကိုချစ်တယ် ... မင်းနဲ့ ငါလက်ထပ်မယ်"

"ကျွန်မရှင့်ကို လက်မထပ်နိုင်ဘူး မိုးသားကြူး"

"ဘာ ... ဘာပြောတယ်"

ကားမောင်းနေသည် က အရှိန်မလျှော့ပါ။

"မင်းဘာပြောပြော ငါဂရုမစိုက်ဘူး"

"ရှင်ရူးနေလား မိုးသားကြူး ... ကျွန်မရှင့်ကို မချစ်ဘူး ... ရှင့်ကိုအ သုံးချတာ ... ဘာလို့ လဲသိလား ... ရှင်ကနာမည်ကြီး ဒါရိုက်တာလေ ... ရှင်နဲ့ ဆိုကျွန်မရဲ့ အောင်မြင်မှုလမ်းက ပွင့်သွားပြီလေ ... အဲဒါကြောင့်ပဲ "

"မပြောနဲ့ ... မင်းငါ့ကိုပဲ ချစ်ရမယ် ... မဟုတ်ဘူး "

သိမ်မွေ့ခြင်းရဲ့ ပခုံးနှစ်ဖက်ကို သူဆုပ်ကိုင်ကာ ပြောနေမိသည် ။ လ

က်ရှိ ကားမောင်း နေသည် ကို သူသတိမရပါ။

"တီ ... တီ"

သူ့ကားအရှိန်ကို သူမထိန်းနိုင်လိုက်မီမှာ ပင် တစ်ဖက်လမ်းကြောဆီ ကားက ဝင်သွားကာ ဆယ်ဘီးကားကြီးနှင့် ရင်ဆိုင်တိုးမိသည် ပါ။

"ကျွီ ... ဒုန်း"

အသံနက်ကြီးနှင့် ငရဲစခန်း တစ်ခုက ကမ္ဘာမြေပေါ် ဖြစ်ထွန်း သွား လေတော့သည် ။

***

10 years later

အကူအညီ တောင်းခံနေသော မျက်ဝန်း နက်နက်လေးကြောင့် ဦးဘမော် အခက်တွေ့ နေသည် ပါ။

"နော် ... ဘကြီးနော် ... ခြံရုံကို ကူညီပါနော်"

ခေါင်းကို ဖြည်းဖြည်းလေး ခါယမ်းရင်း ဦးဘမော် ကြည့်လိုက်သည် က တူမလေး ညခြံရုံကိုပါ။ ငယ်စဉ်ကတည်းက အဖေအမေ ဆိုတာကို မမြင်ဖူးသော တူမလေးကို ဦးဘမော်က မိဘမဲ့ကျောင်းမှာ ခဏထား ကာ အမြဲလာလာ ကြည့်ရသည် ပါ။ အခုဆို တူမလေးက ဆယ်တန်းပင် ဖြေပြီးပြီပင်။ အလုပ်တစ်ခု လုပ်ဖို့ ခွင့် တောင်းနေသည် မို့ ဦးဘမော် ခွင့် မပြုချင်ပါ။

"ဘကြီးရယ် ... ခြံရုံလုပ်မဲ့ အလုပ်က ဘကြီး အလုပ်လုပ်တဲ့ အိမ်မှာ

ပဲလေ ... ဘကြီးရဲ့ မျက်စိအောက်မှာ ပဲလေ နော်ဘကြီးနော် ... ခြံရံ့ အလုပ်လုပ် ပါရစေနော်"

"လုံမလေးရယ် ... ဘကြီးရဲ့ အလုပ်ရှင်က မိန်းကလေး ငယ်ငယ်လေးတွေဆို အရမ်းမုန်းတာ ... လုံမလေးတို့ အရွယ်လေးတွေ မပြောနဲ့ ဒေါ်ကြီးမြင့်ဆိုတဲ့ ထမင်းချက် မိန်းမကြီးက အစအနေ အထိုင်ဆင်ခြင်နေရတာ"

"ရပါတယ် ဘကြီးရယ် ... ခြံရံ့ အရိပ်တောင် အဲဒီသူဌေးဦးလေး မတွေ့စေရဘူး ... ခြံရံ့ကို အလုပ်လုပ် ခွင့်ပေးပါနော် ဘကြီးနော်"

မျက်ဝန်း မည်းနက်နက်လေးက ညီမဖြစ်သူနဲ့ တစ်ထေရာတည်း တူသလို ခေါင်းကြောကလည်း မာချက်ပင်။ လှယဉ်ရေ ... ညည်းသမီးက ညည်းလိုပဲ ...
ဦးဘမော် သက်ပြင်းသာ ချမိနေသည် ။

***

## အခန်း -၂

wheel chair လက်ကိုင်ကို အားပြုထားသော လက်အစုံဖြင့် မတ်တတ်ရပ်ဖို့ ကြိုးစားနေမိသူက မိုးသားကြူးပါ။ နံရံကပ် လက်ရန်းက သူ့ရဲ့ မလှမ်းမကမ်းတွင် ရှိနေသည် မို့ သူစမ်းကာ မတ်တတ် ရပ်လိုက်သည် ပါ။ ဝုန်းခနဲ လဲကျကာ wheel chair က တခြားလူက တခြားဖြစ်သွားရသည် ပါ။ အံကို တင်းနေအောင် ကြိတ်ထားမိသည် ။ ဒီလိုမျိုးတွေ ဖြစ်ရတာ မိန်းမတွေကြောင့်။

လွန်ခဲ့သည့် ဆယ်နှစ်က ကားအက်စီးဒင့်ကြောင့် ခြေထောက်အကြောတွေ ရပ်ဆိုင်း သွားခဲ့သလို သိမ်မွေ့ခြင်း ဆိုသော အမျိုးသမီးလည်း သေဆုံး သွားခဲ့ရသည် ပါ။

သူ့ဘဝတစ်ခုလုံး စုတ်ပြတ်သပ်ပြီး တစ်စစီ ပြိုကျအောင် လုပ်သွားသော မိန်းမတွေကို သူစိတ်အနာကြီး နာမိသည် ။ ငယ်စဉ်က အမေ၊ ပြီးတော့ သိမ်မွေ့ခြင်း ... သူပတ်သက် ယှက်နွယ်မိသော အမျိုးသမီးတွေက ဘာကြောင့် သူ့ကို လိုသုံးလို အသုံးချကြရတာလဲ ... မအေရော ဖအေကပါ ငယ်စဉ်က သူ့ကို လှည့်မကြည့်ချိန် သူ့ဘဝမှာ မီးစာကုန်ခါနီး ဖွားအေတစ်ယောက်သာ ရှိခဲ့သည် ။ အဘွားက မေမေ့ကိုလည်း အမွေပြတ်စွန့်လွှတ်ခဲ့သလို မေမေကလည်း အဘွားအိမ် အရိပ်ကို မနင်းခဲ့။

သူအရွယ် ရောက်လာချိန်မှာ အဘွားက ဤမဟော်ဏီစံအိမ်နှင့် glo den coffee ကုမ္ပဏီနှင့် ကလောက ကော်ဖီခြံကို အမွေပေးခဲ့သည် ။ သူ

က စီးပွားရေးကို စိတ်မဝင်စား။ သူစိတ်ဝင်စားသော အနုပညာ နယ်ပယ်ဘက်ကို ခြေချခဲ့သည် ။ သင်ယူလိုမှု၊ ကြိုးစားမှုတို့ ကြောင့် နှစ် အနည်းငယ် အတွင်း အောင်မြင်သော ဒါရိုက်တာ တစ်ယောက် ဖြစ်လာ ခဲ့သည် ။ အဘွား ဆုံးပါးချိန်အထိ သူက စီးပွားရေးဘက်ကို တော်သင့်ရုံ သာ လေ့လာဖြစ်ပြီး ကျန်သည် များကို မန်နေဂျာချုပ်ကြီး ဦးမာန်ပွားကို သာလွှဲခဲ့သည် ။ ဤသို့နှင့် သူက အနုပညာ နယ်ပယ်ထဲ နေသားကျနေ တုန်း သူ့ဘဝထဲ ဝင်လာသူက သိမ်မွေ့ခြင်း။ သိမ်မွေ့ခြင်း ဆိုသော အမ ည်လေးနှင့် လိုက်အောင် နူးညံ့လှသော မိန်းကလေးပါ။ တက်သစ်စ မော်ဒယ်မလေး တစ်ဦးနှင့် လျှမ်းလျှမ်းတောက် ဒါရိုက်တာကြီး၏ အချစ်ဇာတ်လမ်းဟု ပြောစမှတ်တွင် အောင် ဖြစ်ခဲ့သည် ။ သူမလေးကို ချစ်လွန်း၍ လက်ထပ်ခွင့်ပင် တောင်းခဲ့သည် အထိပင်။ သူမလေးဘက် က ခေါင်းညိတ်သည် နှင့် မင်္ဂလာပွဲအတွက် လိုလေသေးမရှိ အားလုံး ပြင်ဆင်ပေးသည် က မိုးသားကြူးပါ။ မင်္ဂလာပွဲ မကျင်းပမီ အချိန်တွေ မှာ သိမ်မွေ့ခြင်းက သူ့ကို ရှောင်လာသည် ကို သူသတိထားမိပေမဲ့ သူ စိတ်ထဲ မထားပါ။

မင်္ဂလာပွဲ မရောက်မီ တစ်ရက်အလို သူ့ဆီ မေးလ်တစ်စောင် ဝင်လာ ၍ ကြည့်လိုက်တော့ သူချစ်သော အမျိုးသမီး သိမ်မွေ့ခြင်း၏ ချစ်ရည် လူးနေသော ဗီဒီယိုဖိုင်က သူ့မျက်စေ့ရှေ့တွင် တည့်တည့်မတ်မတ်။ သူမ ဟုတ်သော လူတစ်ယောက် ရင်ခွင်ထဲ ခိုဝင်နေသော သိမ်မွေ့ခြင်း။
သို့သော် သိမ်မွေ့ခြင်းကို သူလက်ခံသေးသည် ။

လက်ခံပေးခဲ့သည် ။ သူမရဲ့ ဖြေရှင်းချက်ကို ကြားလို၍ သူမရိုက်ကူး ရေး ရှိရာသို့ လိုက်လာခဲ့သည် အထိ သူ့စိတ်ထဲ ထိုဗီဒီယို ပုံရိပ်ကို မယုံ သေးပါ။ သူမဆီက စကားက သူ့ကမ္ဘာတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံပင် ဖြစ်စေသည် ပင်။ သူ့ရဲ့ အောင်မြင်မှုကြောင့် သူ့အနား ချဉ်းကပ်လာ

သည် ဆိုသော သူမစကား။

အဆိုးဆုံးက သူ့ကို ချစ်ဟန်ဆောင်ခဲ့တာ ဆိုသောစကား။ ငယ်စဉ်ကတည်းက ချစ်ခြင်းမေတ္တာကို တောင့်တနေသော သူ့အတွက် ဒီလောကမှာ ချစ်ခြင်းမေတ္တာ ဆိုတာ မရှိတော့ဘူးလား အလိမ်အညာတွေနဲ့ ပဲ ပြည့်နှက် နေတာလား။

"တောက် ..."

နာကြည်း လွန်းစွာဖြင့် တောက်တစ်ချက် ခေါက်လိုက်သံက အခန်းလေးထဲ ပဲ့တင်ထပ်သွားသည် ။

သူ့မလှမ်းမကမ်းမှာ လဲကျနေသော wheel chair လေးကို သူကြည့်လိုက်သည် ။
သေရာပါအောင် ထိုင်ရတော့မည့် wheel chair ကသူ့ကို မထီသလိုကြည့်နေသလိုပင်။
မကြည့်နဲ့ ... ရင်ထဲ ကျယ်လောင်စွာ ပြောလိုက်သံက သူ့လည်ချောင်းဝတွင် တစ်ဆို့နေသည် ပါ။
ထိုစဉ် တံခါးခေါက်သံ ကြားလိုက်ရသည် ။

"အစ်ကိုလေး ... ဦးဘမော်ပါ ... အစ်ကိုလေးကို ပြောစရာရှိလို့ ပါ"

ဒါရိုင်ဘာကြီး ဦးဘမော်က သူအက်စီးဒင့် ဖြစ်ပြီး နောက်ပိုင်း သူသွားချင်ရာကို မောင်းပို့ ပေးနေသော ဒါရိုင်ဘာကြီး ဖြစ်သလို လူရိုးလူအေးကြီးမို့ သူလည်း ယုံကြည်သည် ပါ။

"ဝင်ခဲ့"

အေးစက်သော စကားလုံးတွေက သူ့လည်ချောင်းဝမှ တစ်ဆင့် နှုတ်ခမ်းအပြင်ဆီ အလည် ရောက်လာသည် ပါ။

"ဟင် ... အစ်ကိုလေး ..."

ဦးဘမော်က အခန်းထဲ ဝင်လာတော့ ကြမ်းပြင်တွင် လဲကျနေသော မိုးသားကြူးနှင့် မိုးသားကြူး လဲကျရာ နေရာ၏ မလှမ်းမကမ်းတွင် whe el chair ကိုတွေ့လိုက်သည် မို့ စိုးရိမ်တကြီး ဖြစ်ကာ wheelchair ထူပြီး သူ့ကိုယ်ကို ဖေးမကာ wheel chair ပေါ်တွင် ထိုင်ခိုင်း လိုက်စေသည် ပါ ။

"အစ်ကိုလေး ... ဘာလိုချင်လို့ လဲ အစ်ကိုလေး"

"ကျုပ်လမ်းလျှောက်ချင်လို့ ... ဒီထိုင်ခုံကြီးမှာ အသေကောင်လို မထိုင်ချင်တော့လို့ ... ခင်ဗျားတို့ အကူအညီမပါဘဲ ကျုပ်တစ်ယောက်တည်း ဖြစ်တယ်ဆိုတာ ဒီလောကကြီး သိအောင် လုပ်ပြချင်သေးလို့ "

အံကြိတ်ကာ ပြောသော မိုးသားကြူးကို ကြည့်ပြီး ဦးဘမော် သနားမိပြန်သည် ။
ကိုယ်တိုင်က လာရင်း ကိစ္စကို မပြောရသေးမီ မိုးသားကြူးရဲ့ ပုံစံကြောင့် မပြောရက်တော့ပါ။
လုံမလေးကို တခြား အလုပ်ကလေးပဲ လိုက်ရှာ ပေးတော့မည်ဟု ဦးဘမော် စဉ်းစားမိသည် ။

"ဦးဘမော် ... "

"ခင်ဗျာ ... အစ်ကိုလေး"

"ဘာပြောစရာ ရှိလို့ လဲ"

"ဟို ... ဘာမှ မဟုတ်တော့ပါဘူး အစ်ကိုလေး"

"ဘာအခက်အခဲ ရှိလို့ လဲ ... ကျုပ်က ဦးဘမော်တို့ ပြောမှ သိရမဲ့ ဒုက္ခိတကောင်ပါ ... ပြောပါ"

"ဟို ... အစ်ကိုလေး ... ဟိုလေ ... "

ပြောဖို့ အရေးဝန်လေးနေသော ဦးဘမော်ကို သူစိတ်မရှည်တော့ပါ။

"ဦးဘမော် ... ခင်ဗျားပြောမဲ့ စကားက ဒီနေ့ပြီးဦးမှာ လား"

"ဒီလိုပါ အစ်ကိုလေး ... ကျွန်တော်ညီမ တစ်ယောက်က ဒီမှာ အလုပ်လုပ်ချင်လို့ ပါ ... ဟိုအသက်ကလည်း ငါးဆယ်နား ကပ်နေတော့ တခြားနေရာ တွေကိုလည်း မသွားတတ် မလာတတ်နဲ့ ဖြစ်နေလို့ ပါ ... "

အသက်ခပ်ကြီးကြီး ပုံစံကိုဦးဘမော် တမင် ပြောလိုက်ခြင်းပါ။

"ဒေါ်ကြီးမြင့် အဆင်ပြေမယ် ဆိုရင် ခေါ်လိုက်ပါ ... ပြီးတော့ မဟော်ဏီရဲ့ စည်းကမ်းကို ခင်ဗျား သေသေချာချာ ပြောထားပါ ... ဘာပြောစရာ ရှိသေးလဲ"

"ဟို ... မရှိတော့ပါဘူး ... အစ်ကိုလေး ... ကျွန်တော် ဒေါ်ကြီးမြင့်ကို မေးပြီးတာနဲ့
အဆင်ပြေရင် ခေါ်လိုက်ပါ့မယ်"

သူခေါင်းညိတ် ပြလိုက်သည် မို့ ဦးဘမော် သက်ပြင်း ခိုးချလိုက်ရသည် ။ ဦးဘမော် ထွက်သွား ပြီးသည် အထိ သူအခန်းလေးထဲ သူတစ်ဦးတည်းသာ ကျန်နေခဲ့သည် ။

"မုန်းတယ် ... မင်းတို့လို မာယာများ ပြီး လိမ်ညာတတ်တဲ့ မိန်းမတွေကို ကြီးကြီးငယ်ငယ် ငါသိပ်မုန်းတယ် သိမ်မွေ့ခြင်း"

စိတ်ထဲက နာကျင်စွာ ထွက်ပေါ်လာသော စကားသံတွေက အပြင်ဘက်တွင် မာကျောနေသလို သူ့မျက်နှာ ချောချောကလည်း တင်းမာ ခက်ထန် နေပြန်သည် ။

***

"ဟုတ်မှ လည်း လုပ်ပါ ကိုဘမော်ရယ် ... သိသွားလို့ ရှိရင် အာဠာဝ ကယမ်းပုံ မီးကျတာ ထပ်ဆိုးကုန်ဦးမယ်"

ဒေါ်ကြီးမြင့်ရဲ့ စကားကြောင့် ဦးဘမော် လေပူမှုတ် ထုတ်မိသည် ။ မဟောဏီရဲ့ လူဟောင်း ဖြစ်နေသော ဒေါ်ကြီးမြင့်ပင် မိုးသားကြူးရှေ့ ဘယ်တော့မှ မထွက်ပြပါ။ အိမ်ကြီးရှင် မျက်မှောင်တစ်ချက် ကြုတ်သည် နှင့် ကျောခင်းစရာ နေရာ တစ်နေရာက အလိုလို နေရင်း ပျောက်မည် လေ ... ဒါကို သိရဲ့ နဲ့ ဦးဘမော်က ဘာကြောင့် များ ခပ်ငယ်ငယ် ကောင်မလေး တစ်ယောက်ကို မဟောဏီထဲ ခေါ်သွင်းချင်ရတာလဲ။

"ညည်းမသိပါဘူး ... အဲဒီ လုံမလေးက ဘယ်လောက် ခေါင်းကြောမာသလဲ ဆိုတာ"

"ခေါင်းကြောမာတာ မမာတာတွေထက် ဟိုကသိရင် ရှင်ပါပြေးပေါက် မှားနေပါမယ် ကိုဘမော်ရယ်"

"ညည်းလည်း ရှိနေတာပဲ ... လုံမလေးကလည်း အနေအထိုင် သိုသိပ်ပါတယ် ... ညည်းလည်း အမြင်မတော်ရင် ထိန်းပေးစမ်းပါ"

"ကျွန်မတော့ အခုကတည်းက မျက်ခုံး ခပ်လှုပ်လှုပ်ရယ် ကိုဘမော်ရေ ... အင်းလေ ... အိမ်ကြီးရှင်က သဘောတူမှ တော့ ကျုပ်တို့ က ဘာပြောနိုင်ဦးမှာ တဲ့ လဲ ... ကြည့်ပြီး စီစဉ်ကြတာပေါ့ ကိုဘမော်"

"ကျေးဇူးတင်ပါတယ်ဟာ ... ကျေးဇူးပါ ... ဒါဆို ... ငါလုံမဆီ ခဏ သွားလိုက်ဦးမယ် ...

လုံမသိရင် ပျော်မှာ ဟ"

ဦးဘမော်က ပြောပြီး ထွက်သွားသည် နှင့် ဒေါ်ကြီးမြင့်မှာ လေပူတစ်ချက်ကို ပင်ပန်းစွာဖြင့် မှုတ်ထုတ်လိုက် ရတော့သည် ။ ဒီကလေးမလေး လာရင်တော့ အက်ကြောင်း ထပ်တဲ့ စကားတွေနဲ့ အတူ မတွေ့မမြင်ရအောင် စီစဉ်ပေးရတော့မှာ ပဲလေ။

***

"ရှင် ... ဘကြီး ... တ ... တကယ် ... တကယ် ပြောတာနော် ... ခြံရံအလုပ်ရတာ တကယ်နော်"

မျက်ဝန်း မည်းနက်နက်လေးက မယုံသလိုလေး ဖြစ်ကာ ထပ်မေးမိသည် ပါ။
ညနေခင်း အချိန်ကြီး ဦးဘမော်လည်း မိဘမဲ့ကျောင်းဆီ တစ်ခေါက် ထပ်လာကာ သတင်း စကားပါးခြင်းပါ။

"တကယ်ပါ လုံမရယ် ... တကယ်ပါ ... ဘကြီးကိုယ်တိုင် သူဌေးကို မေးတာပါ"

"ဟေး ... ပျော်လိုက်တာ ... ခြံရံ အလုပ်ရပြီ"

လက်ခုပ်လေး ခပ်အုပ်အုပ် တီးကာ ဝမ်းသာအားရ ပြောမိသော တူမချောလေးကို ဦးဘမော် ကြည့်လိုက်သည် ။

"လုံမလေး"

"ရှင် ... ဘကြီး"

"မနက်ဖြန် မဟော်ဇာကို ရောက်ရင် လုံမလေးနာမည်က ညခြံရဲ့ မဟုတ်တော့ဘူး ... လှယဉ် ဖြစ်သွားပြီ ... ပြီးတော့ လုံမလေးက အခုလို မိန်းကလေး ငယ်ငယ်ရွယ်ရွယ်လေးလို မနေရတော့ဘူး ... အသက်ကြီးကြီး မိန်းမကြီး တစ်ယောက်လို နေရမယ် ... လုံမလေး အဆင်ပြေပါ့မလား"

"ဟိုသူဌေး ဦးလေးက အဲဒီလို နေခိုင်းတာလား ဘကြီး"

"ဟုတ်တယ် လုံမလေး ... အရေးအကြီးဆုံး အချက်က သူနဲ့ ဝေးနိုင်သမျှ ဝေးဝေးမှာ နေပါကွယ် ... ဖြစ်နိုင်ရင် လုံမလေး မဟော်ဇာမှာ ရှိတယ်ဆိုတာ အသံပဲ ကြားရပါစေ ... ဟုတ်ပြီလား"

"ဟုတ် ... ဘကြီး"

ဘာကိစ္စတွေကြောင့် ဒီလောက်ကြီး တင်းကျပ်တဲ့ စည်းကမ်းတွေ ချမှတ်ထားရသလဲ ဆိုတာ ညခြံရဲ့ မသိရသော်လည်း မနက်ဖြန် ဆိုရင် မဟော်ဇာဆိုသော အိမ်ကြီးကို ညခြံရဲ့ ခြေချရတော့မည်ကို ရင်ခုန်မိသည်ကတော့ အမှန်။

***